# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်စျေးကွက်သတင်းလွှာ

July 5, 2024 Volume 80, Number 5

၅.၇.၂၀၂၄

| | |
|---|---|
| ကမ္ဘာ့ရွှေစျေး | = ၂၃၆၄ US$ |
| မြန်မာ့ရွှေစျေး | = N/A |
| ဒေါ်လာစျေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၇၃.၉ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၅၅.၇ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၈၃.၄ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၁၄.၄ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၈၈.၉၇ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၁၅၂ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၂.၁၀ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၄၅.၉၅ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၇.၄၂၄ ကျပ် |

Source: CBM Rate, etrademyanmar.com

## ယခုနှစ်ထွက်ရှိသည့် ပတ္တမြားငမောက်သရက်သီးများ တရုတ်နိုင်ငံစျေးကွက်သို့ တင်ပို့ရာတွင် အရောင်းအဝယ်ကောင်းနေ

ယခုနှစ်ထွက်ရှိသည့် ပတ္တမြားငမောက်သရက်သီးများ တရုတ်နိုင်ငံစျေးကွက်သို့ တင်ပို့ရောင်းချရာတွင် အရောင်းအဝယ်ကောင်းနေကြောင်း မြန်မာသရက်စျေးကွက်နှင့် နည်းပညာဖွံ့ဖြိုးတိုးတက်ရေးအသင်း(မန္တလေး) အတွင်းရေးမှူး ဦးကျော်စိုးနိုင်က ပြောပြ၍ သိရသည်။

လက်ရှိအချိန်တွင် မြေပြန့်ပိုင်း၌ စိန်တလုံးသရက်နှင့် ရွှေဟင်္သာသရက်သီးများ ရာသီကုန်ချိန်ရောက်ရှိနေပြီးဖြစ်၍ တရုတ်နိုင်ငံစျေးကွက်သို့ ပတ္တမြားငမောက် သရက်သီးများကိုသာ တင်ပို့ရောင်းချနေခြင်းဖြစ်ကြောင်း၊ တင်ပို့ရောင်းချနေရာတွင်လည်း အရောင်းအဝယ်ကောင်းလျက်ရှိပြီး စျေးနှုန်းများမှာ ၁၆ ကီလိုဂရမ် တစ်ခြင်းလျှင် အမျိုးအစားအလိုက် ယွမ် ၁၀၀ မှ ၁၂၀ ထိ ရရှိကြကြောင်း သိရသည်။

“တရုတ်နိုင်ငံစျေးကွက်ကို ပတ္တမြားငမောက်သရက်သီးတွေ တင်ပို့ရောင်းချနေကြပါတယ်။ စျေးကောင်းရရှိနေပါတယ်။ ဒီလကစပြီး ပတ္တမြားငမောက်သရက်သီးက စျေးကွက်ထဲကို ဝင်ရောက်နေပါပြီ။ ကျန်တဲ့သရက်သီးတွေက ပြတ်သလောက် ဖြစ်သွားပြီ။ တရုတ်နိုင်ငံစျေးကွက်ကို လက်ရှိတင်ပို့ရောင်းချနေရာမှာတော့ တစ်နေ့ကို ၁၂ ဘီးကား နှစ်စီး၊ သုံးစီးပဲရှိသေးတယ်။ ဒီနှစ်က သရက်သီးက အဝယ်သွက်ပါတယ်။ အရည်အသွေးကောင်းရင်တော့ စျေးကောင်းရကြပါတယ်။ ခူးဆွတ်ပြီးတာကအစ ထုပ်ပိုးမှုစနစ်ကောင်းကောင်းထုပ်နိုင်ရင် စျေးကောင်းရပါတယ်”ဟု အတွင်းရေးမှူး ဦးကျော်စိုးနိုင်က ပြောပြသည်။

တရုတ်နိုင်ငံစျေးကွက်က ယခုနှစ်တွင် သရက်သီးအဝယ်ရှိနေသည့်အတွက် တင်ပို့ရောင်းချနေကြကြောင်း၊ ယခုနှစ် သရက်ရာသီတွင် အသီးအထွက်နှုန်းနည်းသော်လည်း စျေးကွက်သို့ရောင်းချရာတွင် အရောင်းအဝယ်ကောင်းနေကြောင်း သိရသည်။

**Source: ရတနာပုံသတင်းစာ**

## မတ်ပဲစျေး ဆက်တက်မလာပဲ စျေးငြိမ်နေ

ဇွန်လဒုတိယသီတင်းပတ်အကုန်မှစ၍ မတ်ပဲ ၁ တင်းစျေးနှုန်း ၁ သိန်း ၁ သောင်းအောက်သို့ ကျဆင်းလာပြီးနောက် စတုတ္ထပတ်အတွင်း စျေးနှုန်းပြန်လည် တက်ရိပ်ပြခဲ့သော်လည်း ယခုလက်ရှိအချိန်အထိ မတ်ပဲစျေးနှုန်းများ အကျဘက်တွင် ဆက်ရှိသေးကြောင်းတွေ့ရသည်။

ရေဝတီတိုင်းဒေသကြီးသည် မတ်ပဲအများဆုံးစိုက်ပျိုးထွက်ရှိသည့် ဒေသဖြစ်ပြီး တစ်ပတ်အတွင်းဖြစ်ပေါ်ခဲ့သော မတ်ပဲစျေးနှုန်းများမှာ ဇွန်လ ၂၇ ရက်နှင့် ၂၈ ရက်များ

CONTACT US

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm

တွင် မတ်ပဲ ၁ တင်းလျှင် ကျပ် ၁၀၉,၂၀၀၊ ဇူလိုင်လ ၁ ရက်တွင် ကျပ် ၁၀၇,၀၀၀၊ ၂ ရက်တွင် ကျပ် ၁၀၇,၂၀၀၊ ၃ ရက်နေ့တွင် ကျပ် ၁၀၇,၈၀၀၊ ၄ ရက်တွင် ကျပ် ၁၀၇,၅၀၀ အသီးသီးဖြစ်ခဲ့သည်။

မြန်မာမတ်ပဲကို ပြည်တွင်းစားသုံးမှုမရှိသလောက်နည်းပါးပြီး မြန်မာနိုင်ငံမှထွက်ရှိသည့် မတ်ပဲအားလုံးနီးပါးကို အဓိက ဝယ်လက်ဖြစ်သည့် အိန္ဒိယနိုင်ငံသို့ တင်ပို့ရောင်းချလျက်ရှိရာ အိန္ဒိယနိုင်ငံ၏ မတ်ပဲထွက်ရှိမှု၊ တင်သွင်းမှု၊ ပြည်တွင်း ဈေးကွက်အခြေအနေနှင့် ဝယ်လိုအား၊ အိန္ဒိယအစိုးရ၏ ပဲမျိုးစုံအပေါ်ကန့်သတ်ချက်များ၊ ထုတ်ပြန်ချက်များ၊ အိန္ဒိယနိုင်ငံ ရာသီဥတုအခြေအနေစသည်တို့သည် မြန်မာမတ်ပဲဈေးကွက်အပေါ် အလုံးစုံလွှမ်းမိုး သက်ရောက်လျက်ရှိကြောင်း တွေ့ရသည်။

ယခင်သီတင်းပတ်အတွင်း မတ်ပဲဈေးအကျတွင် မြန်မာမတ်ပဲကို လက်ဝယ်ရှိသူများက အရောင်းပမာဏထိန်းထားခြင်း၊ ဈေးအတက်ကိုစောင့်ဆိုင်းခြင်းတို့ကြောင့် ဈေးနှုန်းတက်ရိပ်ပြခဲ့သော်လည်း အိန္ဒိယနိုင်ငံ၏ ပြည်တွင်းမတ်ပဲဈေးကွက်တွင် ဇွန်လ ၂၉ ရက်မှစတင်ကာ ပဲခွဲစက်များမှ ဝယ်လိုအားကျဆင်းခြင်း၊ မတ်ပဲထိပ်စရောင်းလိုအားများလာခြင်း၊ အဓိကစိုက်ပျိုး ထွက်ရှိသည့်ဒေသများမှ နွေစိုက်မတ်ပဲများ ဈေးကွက်အတွင်းဝင်ရောက်လာခြင်း၊ မြန်မာမတ်ပဲ CNF ဈေးနှုန်း ကျဆင်းခြင်း တို့ကြောင့် မတ်ပဲဈေး ပြန်လည်ကျဆင်းနေကြောင်း၊ လက်ရှိပေါက်ဈေးဖြင့် ဆက်လက်တည်ငြိမ်နေဦးမည်ဖြစ်ကြောင်း IPGA က ဖော်ပြထားသည်။

အိန္ဒိယနိုင်ငံ၏ ပဲမျိုးစုံစိုက်ပျိုးဧရိယာများ ယခင်နှစ်ကထက် ပိုတိုးတက်လာနေခြင်း၊ အစိုးရက ပဲမျိုးစုံဈေးနှုန်းကို ထိန်းသိမ်း နိုင်ရန် စီမံချက်ချမှတ်ဆောင်ရွက်လျက်ခြင်းတို့ကြောင့်လည်း မတ်ပဲဈေးနှုန်းအကျဘက်တွင် တည်ငြိမ်လျက်ရှိနေပြီး ပြောင်းလဲဖြစ်ပေါ်လျက်ရှိသည့် ရာသီဥတုအခြေအနေ၊ မိုးရေရရှိမှုတို့အပေါ်မူတည်၍ ဈေးနှုန်းအလွန်အမင်းကျဆင်းနိုင်ချေ မရှိကြောင်း သုံးသပ်ရရှိသည်။

**Source: ရောကုန်သွယ်မြှင့်**

**https://myantrade.gov.mm/**

## ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ငါးရံ့ပိဿာချိန် ၇၈,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့



ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ငါးရံ့ပိဿာချိန် ၇၈,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဘိုကလေးမြို့နယ်မှ ရေထွက်ကုန်ပစ္စည်းများရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သီတာက ပြောပြ၍သိရသည်။

ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ငါးရံ့များအပါအဝင် ရေထွက်ကုန်များကို တင်ပို့ရောင်းချလျက်ရှိရာ မေလအတွင်းက ငါးရံ့ ပိဿာချိန် ၅၅,၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇွန်လ ၁ ရက်မှ ၃၀ ရက်ထိ ငါးရံ့ပိဿာချိန် ၇၈,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ပြီးခဲ့တဲ့ ဇွန်လထဲမှာ ငါးရံ့တွေသိသိသာသာ တင်ပို့ရောင်းချအား တိုးတက်လာခဲ့ပါတယ်။ ငါးရံ့တွေ တင်ပို့ရောင်းချအား တက်ခဲ့တာကလဲ ပြည်တွင်းမှာ ဝယ်လိုအားကောင်းနေတာကြောင့်ဖြစ်ပါတယ်။ ဒေသထွက် ငါးရံ့တွေအပါအဝင် ရေထွက်ကုန် တွေကို ရန်ကုန်ဈေးကွက်ကိုပဲ အဓိကတင်ပို့ပါတယ်။ အခုလို တင်ပို့အားကောင်းလာတော့ ငါးရံ့မွေးမြူရေးလုပ်ငန်းရှင်တွေနဲ့ လုပ်သားတွေ၊ သဘာဝအတိုင်း ငါးရံ့ရှာဖွေဖမ်းဆီးသူတွေ အဆင်ပြေလာပါတယ်" ဟု ဘိုကလေးမြို့နယ်မှ ရေထွက်ကုန်ပစ္စည်း များ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သီတာကပြောပြသည်။

ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်းတင်ပို့ရောင်းချခဲ့ရသည့် ငါးရံ့အလတ် ၁၀ ပိဿာလျှင် ငွေကျပ် ၁၂၅,၀၀၀၊ ငါးရံ့အသေး ၁၀ ပိဿာလျှင် ငွေကျပ် ၉၅,၀၀၀၊ ငါးရံ့အကြီး ၁၀ ပိဿာလျှင် ငွေကျပ် ၁၆၅,၀၀၀ ထိ ဈေးပေါက် နေကြောင်း၊ အဆိုပါဒေသတွင် မွေးမြူရေးငါးရံ့နှင့် သဘာဝအတိုင်း ချောင်း၊ အိုင်၊ မြောင်း၊ လယ်ကွင်းများမှရှာဖွေဖမ်းဆီး ရရှိသည့် ငါးရံ့များထွက်ရှိကြောင်း သိရသည်။

**Source: ရတနာပုံသတင်းစာ**

## ပဲဆီ၊ နှမ်းဆီ၊ နေကြာဆီများကို ပြောင်းလဲသုံးစွဲလာတာကြောင့် ပြည်တွင်းဆီစက်များ ပြန်လည်ထုတ်လုပ်အားကောင်းလာ



ပဲဆီ၊ နေကြာဆီများကို ပြောင်းလဲသုံးစွဲလာတာကြောင့် ပြည်တွင်းဆီစက်များပြန်လည် ထုတ်လုပ်အားကောင်းလာကြောင်း ပဲ၊ နှမ်းကုန်သည်များထံက သိရသည်။

ပြည်တွင်းစားအုန်းဆီ တင်သွင်းမှု လျော့ချထားတာကြောင့် ဆီစားသုံးမှုမှာ ပဲဆီ၊ နေကြာဆီများကို ပြောင်းလဲသုံးစွဲမှု မြင့်မားလာတာကြောင့် ရပ်နားထားသည့် ပြည်တွင်းဆီစက်များ ပြန်လည်ထုတ်လုပ်အားကောင်းနေခြင်းဖြစ်သည်။

ဖွန်လကုန်ပိုင်းက ဈေးကျဆင်းမှုရှိနေသည့် ပို့ကုန်ပဲများမှာ ဇူလိုင်လဆန်းတွင် အနည်းငယ် ဈေးပြန်မြင့်တက်လာကြောင်း ပြည်တွင်းသုံးကုလားပဲများနှင့် ပဲမာလိုင်းများမှာ ဈေးငြိမ်နေသည်။ ဇူလိုင်လဆန်းပိုင်းတွင် အသစ်ဝင်မတ်ပဲများမှာ အရည်အသွေးအနည်းငယ်ကျဆင်းမှုရှိတာကြောင့် ဈေးအနည်းငယ်လျော့ကျနေကြောင်း၊ ပြည်တွင်းဆီ စားသုံးမှုပုံစံမှာ ပဲဆီကို ပိုမိုစားသုံးလာတာကြောင့်လည်း မြေပဲဆန်အရောင်းအဝယ်မှာ ပဲ၊ နှမ်းဈေးကွက်အတွင်း အသွက်ဆုံးဖြစ်နေကြောင်း မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဦးကျော်သွင်(ရွှေစင်သိန်းပွဲရုံ)က ပြောသည်။

"ဖွန်လကုန်ပိုင်းက ဈေးအနည်းငယ်ကျဆင်းမှုရှိနေတဲ့ ပို့ကုန်ပဲများ ဈေးအတက်အကျအနည်းငယ်သာရှိပြီး ဈေးတည်ငြိမ်နေပါတယ်။ အသစ်ဝင်မတ်ပဲများမှာ အရည်အသွေးအနည်းငယ်လျော့ကျလို့ ဈေးလည်းလျော့ပါတယ်။ လက်ရှိမှာ မြေပဲဆီရောင်းအားကောင်းနေလို့ မြေပဲဆန်တစ်မျိုးသာ အရောင်းအဝယ်သွက်နေပါတယ်။ မန္တလေး ပဲဈေးကွက်ထဲကို အညာ မြေပဲဆန်များ အဝင်နည်းနည်းချင်းသာ ဝင်ရောက်နေပါတယ်။ ဆီစက်ပိုင်များ၏ ဝယ်လိုအားနဲ့မျှတနေလို့ ဈေးထူးထူးခြားခြား တက်တာမျိုးမရှိပေမဲ့ မန္တလေးဈေးကွက်တွင်သာ မြေပဲဆန်လက်ကျန်ရှိတော့တယ်။ လက်ရှိမှာ တရုတ်လိုင်းတင်ပို့မှု ကလည်း ရပ်နားနေပါတယ်။ အခြားပြည်တွင်းသုံး ကုလားပဲအုပ်စုနှင့်ပဲမာလိုင်းများကတော့ ဈေးငြိမ်နေပါတယ် " ဟု ၎င်းက ပြောသည်။

ဇူလိုင် ၄ ရက်တွင် ပို့ကုန်မတ်ပဲမှာ အသစ်ဝင်ရောက်မှုများနှင့်အတူ အနည်းငယ်ဈေးကျဆင်းနေရာ မတ်ပဲတစ်အိတ်လျှင် ငွေကျပ် ၃၀၅,၀၀၀၊ ပဲစင်းငုံတစ်အိတ်လျှင် ငွေကျပ် ၄၂၇,၀၀၀ ပေါက်ဈေးဖြစ်လာသည်။ ပဲတီစိမ်းအညာတစ်အိတ်လျှင် ငွေကျပ် ၂၀၆,၀၀၀ ပေါက်ဈေးဖြစ်လာသည်။

ပြည်တွင်းသုံး ကုလားပဲအုပ်စုမှာ ဈေးတည်ငြိမ်နေရာ ဇူလိုင် ၄ ရက်တွင် ကုလားပဲ V2 တစ်အိတ်လျှင် ငွေကျပ် ၂၄၈,၀၀၀၊ ကုလားပဲ V7 တစ်အိတ်လျှင် ငွေကျပ် ၂၅၅,၀၀၀၊ ထိုင်ဝမ်ကုလားပဲ တစ်အိတ်လျှင် ငွေကျပ် ၂၃၅,၀၀၀၊ ၉၂၉ ကုလားပဲတစ်အိတ်လျှင် ငွေကျပ် ၂၃၈,၀၀၀ အသီးသီး ပေါက်ဈေးရှိလာသည်။

ပဲနှမ်းဈေးကွက်အတွင်း မြေပဲဆန်တစ်မျိုးသာ အဝင်ရှိသလောက် အရောင်းအဝယ်သွက်နေသည်။ ပဲကြီးတစ်အိတ်လျှင် ငွေကျပ် ၂၉၀,၀၀၀၊ ပဲထောပတ် တစ်အိတ်လျှင် ငွေကျပ် ၄၅၀,၀၀၀၊ မြေထောက်ပဲ တစ်အိတ်လျှင် ငွေကျပ် ၃၄၅,၀၀၀၊ ကျွန်းစားတော်ပဲ တစ်အိတ်လျှင် ငွေကျပ် ၂၉၅,၀၀၀ ပေါက်ဈေးရှိနေပြီး မြေပဲအနီလုံးဆန် တစ်ပိဿာလျှင် ငွေကျပ် ၇၆၀၀ ပေါက်ဈေးရှိနေပြီး မြေပဲဆီ တစ်ပိဿာလျှင် ငွေကျပ် ၁၇,၀၀၀ ပေါက်ဈေးရှိနေသည်။

ဇူလိုင် ၄ ရက်တွင် နှမ်းမျိုးစုံ အနည်းငယ် ဆက်လက်မြင့်တက်လာရာ နှမ်းနက်စမုန် တစ်အိတ်လျှင် ငွေကျပ် ၄၈၀,၀၀၀၊ နှမ်းဖြူ(ဂျပန်) ၄၅ ပိဿာ တစ်အိတ်လျှင် ငွေကျပ် ၄၀၀,၀၀၀၊ နှမ်းဖြူ(ရိုးရိုး)တစ်အိတ်လျှင် ငွေကျပ် ၃၇၅,၀၀၀၊ နှမ်းညိုတစ်အိတ်လျှင် ငွေကျပ် ၃၁၀,၀၀၀၊ ပန်းနှမ်းတစ်အိတ်လျှင် ၂၁၀,၀၀၀ အသီးသီး ပေါက်ဈေးရှိနေကြောင်း သိရသည်။

**Source: မကွေးဂျာနယ်**

## ဗီယက်နမ်နိုင်ငံနှင့်တရုတ်နိုင်ငံအကြား ပထမ ၆ လအတွင်းကုန်သွယ်မှု အမေရိကန်ဒေါ်လာ ဘီလီယံ ၁၀၀ ကျော်ရောက်ရှိ

ဗီယက်နမ်နိုင်ငံနှင့် တရုတ်နှစ်နိုင်ငံကြား ကုန်သွယ်မှုသည် ယခုနှစ် ပထမ ၆ လအတွင်း အမေရိကန်ဒေါ်လာ ဘီလီယံ ၁၀၀ အထိ ရောက်ရှိလာကြောင်း Vn Economy အွန်လိုင်းသတင်း ဖော်ပြချက်အရ သိရသည်။

ကမ္ဘာ့စီးပွားရေးအခက်အခဲများနှင့်ပဋိပက္ခများ ဆက်လက်ဖြစ်ပွားနေသော်လည်း နှစ်နိုင်ငံကြားကုန်သွယ်မှုမှာ အထင်ကြီးလောက်စရာ ပြန်လည်ကောင်းမွန်လာကြောင်း စက်မှုနှင့်ကုန်သွယ်ရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။ တရုတ်နိုင်ငံသည် ဗီယက်နမ်နိုင်ငံ၏ အကြီးဆုံးကုန်သွယ်ဖက်၊ အကြီးဆုံးသွင်းကုန်ဈေးကွက်နှင့်ဒုတိယအကြီးဆုံး ပို့ကုန်ဈေးကွက်အဖြစ် ဆက်လက်တည်ရှိနေကြောင်း ဖော်ပြထားသည်။

အထွေထွေစာရင်းအင်းရုံး၏ နောက်ဆုံးပြုပြင်ထားသည့်စာရင်းများအရ ယခုနှစ် ပထမနှစ်ဝက်တွင် ဗီယက်နမ်နိုင်ငံမှ တရုတ်နိုင်ငံသို့တင်ပို့မှုသည် အမေရိကန်ဒေါ်လာ ၂၇ ဒသမ ၈ ဘီလီယံအထိ ရောက်ရှိခဲ့ပြီး ယခင်နှစ် အလားတူကာလထက် ၅ ဒသမ ၃ ရာခိုင်နှုန်း တိုးတက်လာကြောင်း သိရသည်။ ပြန်လည်သုံးသပ်သည့်ကာလအတွင်း ဗီယက်နမ်နိုင်ငံသည် တရုတ်နိုင်ငံမှ အမေရိကန်ဒေါ်လာ ၆၇ ဘီလီယံတန်ဖိုးရှိ ကုန်ပစ္စည်းများတင်သွင်းခဲ့ပြီး ၃၄ ဒသမ ၇ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း ဖော်ပြထားသည်။

အဆိုပါကာလအတွင်း ဗီယက်နမ်သည် တရုတ်နှင့်ကုန်သွယ်မှုလိုငွေ အမေရိကန်ဒေါ်လာ ၃၉ ဒသမ ၂ ဘီလီယံရှိပြီး ယခင်နှစ်နှင့်နှိုင်းယှဉ်ပါက ၆၇ ဒသမ ၉ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း သိရသည်။

အာဆီယံ-တရုတ် လွတ်လပ်သောကုန်သွယ်မှုနယ်မြေ (ACFTA) နှင့် ဒေသတွင်းဘက်စုံစီးပွားရေးပူးပေါင်းဆောင်ရွက်မှု (RCEP) ကဲ့သို့သော ကုန်သွယ်မှုသဘောတူညီချက်များကြောင့် နှစ်နိုင်ငံအကြား ကုန်သွယ်မှုမြင့်တင်နိုင်ခဲ့သည်။

တရုတ်နိုင်ငံသည် ပစိဖိတ်ဖြတ်ကျော် မိတ်ဖက်ဆက်ဆံရေး (CPTPP) သဘောတူညီချက် (CPTPP) တွင် ပါဝင်ရန် လျှောက်ထားဆဲဖြစ်ကြောင်း ဖော်ပြထားသည်။

ပေကျင်းရှိ ဗီယက်နမ်ကုန်သွယ်ရေးရုံး၏ အဆိုအရ တရုတ်စီးပွားရေးသည် အပြုသဘောဖြင့် ပြန်လည်ကောင်းမွန်လာကြောင်း၊ တရုတ်အစိုးရသည် ထုတ်ကုန်များ အရည်အသွေး စံချိန်စံညွှန်းများနှင့်ကိုက်ညီပါက ဈေးကွက်သို့တင်ပို့နိုင်မှု အခြေအနေများ ဖန်တီးပေးမည့် သွင်းကုန်ပို့ကုန် စီမံခန့်ခွဲမှုဆိုင်ရာမူဝါဒများကို ထုတ်ပြန်ထားကြောင်း ဖော်ပြထားသည်။

ဗီယက်နမ်နိုင်ငံသည် တရုတ်နိုင်ငံသို့ ပို့ကုန်တိုးမြှင့်ရန် အခွင့်အလမ်းများစွာရှိကြောင်း ကုန်သွယ်ရေးရုံးက ဆွေးနွေးထောက်ပြခဲ့သည်။ တရုတ်စီးပွားရေးလုပ်ငန်းများသည် ကုန်ထုတ်လုပ်ငန်းနှင့် စိုက်ပျိုးထုတ်လုပ်သည့်ထုတ်ကုန်များ အထူးသဖြင့် ဒူးရင်း၊ ဖရဲသီးနှင့်ငှက်ပျောသီးကဲ့သို့သော သစ်သီးဝလံများကို ဗီယက်နမ်မှဝယ်ယူရန် စိတ်ဝင်စားလျက်ရှိကြောင်း သိရသည်။

လက်ရှိတွင် ဗီယက်နမ်နိုင်ငံသည် တရုတ်နိုင်ငံသို့ စိုက်ပျိုးရေးထွက်ကုန် တစ်ဒါဇင်ခန့်တင်ပို့လျက်ရှိပြီး အုန်းသီးလတ်လတ်ဆတ်ဆတ်နှင့် အေးခဲထားသောဒူးရင်းသီးများ တင်ပို့ရန်အတွက် အပြီးသတ်သဘောတူညီမှု ရရှိနေပြီဖြစ်ကြောင်း ဖော်ပြထားသည်။

**Source: VN Economy**

**(စီးပွားရေးသံမှူး၊ဗီယက်နမ်)**

**https://myantrade.gov.mm/**

## လာအို – ဗီယက်နမ် နှစ်နိုင်ငံကြား နယ်စပ်ဖြတ်ကျော်ကုန်သွယ်မှုတွင် QR ဖြင့် ငွေပေးချေမှုကို ဩဂုတ်လ၌စတင်မည်

လာအိုနှင့်ဗီယက်နမ်ဗဟိုဘဏ်များသည် နှစ်နိုင်ငံကြား ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းနှင့် စီးပွားရေးလုပ်ငန်းများ အပြန်အလှန်ဆောင်ရွက်နိုင်ရန် QR ဖြင့် ငွေပေးချေမှုကို ဩဂုတ်လ၌စတင်တော့မည်ဖြစ်ကြောင်း လာအိုဗဟိုဘဏ်ဥက္ကဋ္ဌ Bounluea Sinxayvoravong က (၇)ကြိမ်မြောက် အမျိုးသားလွှတ်တော်၌ တင်ပြခဲ့သည်။

နှစ်စဉ် ဗီယက်နမ်ခရီးသွား ထောင်ပေါင်းများစွာသည် လာအိုသို့ လာရောက်လည်ပတ်လျက်ရှိရာ ယခုနှစ်အစောပိုင်းက လာရောက်သည့်ခရီးသည် ၁ ဒသမ ၁ သန်းတွင် ဗီယက်နမ်ခရီးသည် ၂၆၃,၀၀၀ ဦး ပါဝင်သည်။ လာအိုသည် နယ်စပ်ဖြတ်ကျော်ကုန်သွယ်မှုတွင် ဒေသတွင်းငွေလွှဲခြင်းနှင့် ငွေပေးချေမှုများ အဆင့်မြှင့်တင်နိုင်ရန်အတွက် QR ငွေပေးချေမှုစနစ်ကို ထိုင်း၊ ဗီယက်နမ်၊ ကမ္ဘောဒီးယားစသည့် အိမ်နီးချင်းနိုင်ငံများနှင့်စတင်ရန် စီမံခဲ့ခြင်းဖြစ်သည်။

လက်ရှိတွင် လာအိုအလုပ်သမားများ၊ ခရီးသွားများက နှစ်ဖက်ဘဏ်များမှတစ်ဆင့် ထိုင်းနိုင်ငံနှင့် QR ငွေပေးချေမှုစနစ်ကို ဆောင်ရွက်နေကြပြီး ဇူလိုင်လမှစ၍ ထိုင်းကမ္ဘာလှည့်ခရီးသည်များကလည်း လာအိုဘဏ်များ၏ ဝန်ဆောင်မှုကို အသုံးပြုနိုင်မည်ဖြစ်သည်။ လာအိုနှင့်ကမ္ဘောဒီးယားအကြား နယ်စပ်ဖြတ်ကျော်ကုန်သွယ်မှုတွင် QR ဖြင့်ငွေပေးချေမှုကို ၂၀၂၃ ခုနှစ်၊ ဩဂုတ်လအတွင်းက စတင်ခဲ့ပြီးဖြစ်သည်။

လာအိုဗဟိုဘဏ်ဥက္ကဋ္ဌက ယခုစနစ်ကြောင့် လာအိုစီးပွားရေးအပေါ် ကောင်းကျိုးခံစားစေရမည်ဖြစ်ပြီး အထူးသဖြင့် နိုင်ငံခြားခရီးသွားဧည့်သည် အမြောက်အမြားအသုံးပြုပါက နိုင်ငံခြားဝင်ငွေသည် လာအိုဘဏ်များသို့ တိုက်ရိုက်စီးဝင်ပြီး ဗဟိုဘဏ်မှချမှတ်သော ငွေလဲနှုန်းကို တည်ငြိမ်စေနိုင်ကြောင်း ပြောကြားခဲ့သည်။

**Source: https://laotiantimes.com/**

**WTO ဌာနခွဲ**

**ကုန်သွယ်ရေးဦးစီးဌာန**

**https://www.commerce.gov.mm/**

## AI နည်းပညာဖြင့် HYBRID ပုံစံထုတ်လုပ်ထားသည့် ရေခဲသေတ္တာအား ဆမ်ဆောင်းမှမိတ်ဆက်ခဲ့

ပုံမှန်ကွန်ပရက်ဆာနည်းပညာဖြင့် အအေးပေးစနစ်အပြင် ဉာဏ်ရည်တုနှင့် semiconductor နည်းပညာကို အသုံးပြုထုတ်လုပ်လိုက်သည့် ပထမဆုံးရေခဲသေတ္တာကို Samsung Electronics မှ ကြာသပတေးနေ့က မိတ်ဆက်ခဲ့ပြီး အသုံးပြုသူများအတွက် လျှပ်စစ်ခတ်အားခ ၃၀ ရာခိုင်နှုန်းသက်သာစေကြောင်း ကုမ္ပဏီကပြောကြားခဲ့သည်။

၂၄ နာရီပတ်လုံး မီးအားသုံးရသော ရေခဲသေတ္တာများကြောင့် လျှပ်စစ်ကုန်ကျစရိတ်လျှော့ချရန်မှာ သုံးစွဲသူများ၏ အဓိက လိုအပ်ချက်ဖြစ်လာရာ Hybrid ရေခဲသေတ္တာအမျိုးအစားသစ်ကို တီထွင်လိုက်ခြင်းဖြစ်ကြောင်း၊ ဆမ်ဆောင်း၏ တီထွင်မှုနည်းပညာနှင့် စားသုံးသူများ၏ နေ့စဉ်ဘဝအဆင်ပြေစေရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ရေခဲသေတ္တာငယ်များနှင့် ရေသန့်စင်စက်များတွင် အသုံးများသော Peltier ဒြပ်စင်ကိုအသုံးပြုထားသဖြင့် တစ်ဖက်မှအပူကိုစုပ်ယူကာ တစ်ဖက်တွင် အပူထုတ်လွှတ်စေကြောင်း Samsung က ပြောကြားခဲ့သည်။

AI နည်းပညာသုံး ကွန်ပရက်ဆာသည် ပုံမှန်အခြေအနေတွင် စွမ်းအင်သုံးစွဲမှုကိုတည်ငြိမ်ရန် ထိန်းသိမ်းပေးသော်လည်း ပူပြင်းသောနွေရာသီတွင် ရေခဲစားသုံးမှုများပြားချိန် သို့မဟုတ် အစားအစာအသစ် အများအပြားထည့်သည့်အချိန်တို့တွင် စွမ်းအင်တိုးမြင့်ရန် လိုအပ်လာသောကြောင့် Peltier ဒြပ်စင်က လျင်မြန်စွာအေးစေနိုင်ကြောင်း၊ ယခု AI အခြေခံစွမ်းအင်ပုံစံကို Internet of Things (IoT) ပလက်ဖောင်း SmartThings မှတစ်ဆင့် အသုံးပြုနိုင်ပြီး ရေခဲသေတ္တာတွင်ထည့်သွင်းထားသော AI algorithm က တံခါးဖွင့်/ပိတ်ရုံဖြင့် လျှပ်စစ်စွမ်းအင် မည်မျှလိုအပ်နေကြောင်း သတ်မှတ်နိုင်သည်ဟု ကုမ္ပဏီမှပြောကြားခဲ့သည်။

**Source:** https://www.koreatimes.

**WTO ဌာနခွဲ**

**ကုန်သွယ်ရေးဦးစီးဌာန**

**https://www.commerce.gov.mm/**

# STOCK EXCHANGE (5.7.2024)

YANGON STOCK EXCHANGE

Search...

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

## Stock trading data

As of 5th Jul. 2024

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 6,460 (Shares) | 28,483,150 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 9,000 | +0 | +0.00% | 9,000 | 9,000 | 9,000 | 1,161 | 10,449,000 | 33,109,694 | 297,987 |
| MTSH | 00002 | 3,350 | -100 | -2.90% | 3,400 | 3,450 | 3,350 | 2,235 | 7,500,500 | 38,929,150 | 130,413 |
| MCB | 00003 | 8,200 | +0 | +0.00% | 8,200 | 8,200 | 8,200 | 243 | 1,992,600 | 10,400,986 | 85,288 |
| FPB | 00004 | 1,750 | +0 | +0.00% | 1,750 | 1,750 | 1,750 | 80 | 140,000 | 29,664,613 | 51,913 |
| TMH | 00005 | 2,750 | +0 | +0.00% | 2,750 | 2,750 | 2,750 | 0 | 0 | 12,823,224 | 35,264 |
| EFR | 00006 | 1,850 | +50 | +2.78% | 1,800 | 1,850 | 1,800 | 837 | 1,508,450 | 19,977,223 | 36,958 |
| AMATA | 00007 | 4,700 | +0 | +0.00% | 4,500 | 4,700 | 4,500 | 122 | 555,400 | 10,497,598 | 49,339 |
| MAEX | 00008 | 3,600 | -100 | -2.70% | 3,550 | 3,600 | 3,550 | 1,782 | 6,337,200 | 23,804,946 | 85,698 |

YANGON STOCK EXCHANGE

Search...

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary

## Market summary

As of 5th Jul. 2024

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 409.75 | -2.79 | -0.68% | 409.62 | 410.17 | 409.14 | 6,460 | 28,483,150 | 8 | 772,860 |

**Index chart**




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 pm, 5th Jul. 2024

| Trading Volume | Trading Value |
|---|---|
| 6,460 (Shares) | 28,483,150 (MMK) |

### Main Board

As of 1:00 pm, 5th Jul. 2024

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 6,460 (Shares) | 28,483,150 (MMK) |

| MYANPIX | 409.75 ▼ 2.79 |
|---|---|
| Total Volume (shares) | 6,460 |
| Total Value (MMK) | 28 mil |
| Listed Company | 8 |
| Market Cap. (MMK) | 772,860 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 9,000 | ▲ 0 |
| MTSH | 00002 | 3,350 | ▼ 100 |
| MCB | 00003 | 8,200 | ▲ 0 |
| FPB | 00004 | 1,750 | ▲ 0 |
| TMH | 00005 | 2,750 | ▲ 0 |
| EFR | 00006 | 1,850 | ▲ 50 |
| AMATA | 00007 | 4,700 | ▲ 0 |
| MAEX | 00008 | 3,600 | ▼ 100 |